# A နေထိုင်ခွင့်စီမံခန့်ခွဲခြင်းစနစ်သစ်၊နိုင်ငံခြားသားနေထိုင်သူမှတ်တမ်းစနစ် (※2012.7.9မှ စတင်ကျင့်သုံးသည်။)

Aနေထိုင်ခွင့်စီမံခန့်ခွဲခြင်းစနစ်သစ်၊နိုင်ငံခြားသားနေထိုင်သူမှတ်ပုံတင်စနစ် ထိပ်သို့

## 2 နိုင်ငံခြားသား နေထိုင်သူများအတွက် နေထိုင်သူအခြေခံစာရင်းစနစ် ဆိုသည်မှာ

### 2-1 အခြေခံအချက်အလက်များ

နိုင်ငံခြားသားများ၏နေရပ်လိပ်စာမှတ်တမ်းတင်ခြင်းကို နိုင်ငံခြားသားမှတ်ပုံတင်စနစ်ဖြင့် ဆောင်ရွက်ခဲ့ပါသည်။ သို့သော် ၂၀၁၂ခုနှစ် ဇူလိုင်လ ၉ ရက်တွင် နိုင်ငံခြားသားမှတ်ပုံတင်ဥပဒေကို ဖျက်သိမ်းပြီး နေထိုင်သူအခြေခံစာရင်းဥပဒေကို ပြုပြင်ပြဌာန်းခဲ့သောကြောင့် နိုင်ငံခြားသားများလည်း ဂျပန်နိုင်ငံခြားသားများနှင့်အတူ နေထိုင်သူအခြေခံစာရင်းတွင် စာရင်းသွင်း မှတ်တမ်းတင်နေသည်။

သို့ဖြစ်ပါ၍ နိုင်ငံခြားသားနေထိုင်သူများအတွက်လည်း နေထိုင်သူမှတ်တမ်းပြုလုပ်နိုင်ခဲ့သောကြောင့် အစိုးရရုံးများမှာ အကြောင်းကြား လျှောက်လွှာတင်သွင်းသည့်အခါ အလွယ်တကူ လုပ်ဆောင်နိုင်ခဲ့သည်။

ပြောင်းလဲသွားသည့် အဓိကအချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

- ○ ဂျပန်နိုင်ငံသားနှင့် နိုင်ငံခြားသားဖြင့် ဖွဲ့စည်းထားသော အိမ်ထောင်စုအတွက် မိသားစုဝင်အားလုံး၏ အမည်ရေးသားဖော်ပြထားသော ထောက်ခံစာ(နေထိုင်သူမှတ်တမ်းမိတ္တူ)အား ထုတ်ပေးနိုင်ခြင်း။
- ○ လိပ်စာအပြောင်းအလဲအကြောင်းကြားခြင်းအား ဆောင်ရွက်သည်နှင့် တပြိုင်နက် ပြည်သူ့ကျန်းမာရေးအာမခံ စသည့် အခြားစနစ်များကိုလည်း ထိုအကြောင်းကို အကြောင်းကြားသည်ဟု ယူဆသည်။
- ○ နေထိုင်ခွင့်အမျိုးအစား နှင့် နေထိုင်ခွင့်ကာလ အပြောင်းအလဲနှင့်စပ်လျဥ်း၍ ယခင်စနစ်တွင် လူဝင်မှုကြီးကြပ်ရေးရုံးနှင့်အတူ မြို့နယ်ရုံးနှစ်ရပ်စလုံးတွင် အကြောင်းကြားရန် လိုအပ်ခဲ့သည်။ သို့သော် စနစ်သစ်တွင် လူဝင်မှုကြီးကြပ်ရေးရုံးသို့သာ အကြောင်းကြားရန် လိုအပ်သည်။
- ○ အိမ်ပြောင်းရွှေ့၊ ရွှေ့ပြောင်းခြင်းကို အကြောင်းကြားခြင်း အစရှိသည့် နေထိုင်သူအခြေခံစာရင်း အခြေခံအချက်အလက်အပြောင်းအလဲများကို ကိုယ်စားလှယ်မှတဆင့် အကြောင်းကြားနိုင်သည်။